# သတင်းကောင်းစာစောင်

## မာတိကာ


၁။ စွန်ပလွန်ပင်နှင့် အာရဇ်ပင် — ဆူးထက်နှင်း (ရန်ကုန်-၁)

၂။ အလင်းရှင် (ကဗျာ) — H.P.SENG

၃။ အသင်းတော်ကြီးထွားရန်၌ — Paul Winbert

၄။ ရှေ့တော်၌ကြွချီတော်မူသောဘုရားသခင် — ရှုသ

# ]] peyvveyiEi tm&Zyi (qm? 92;12-15)

ဆူးထက်နှင်း (ရန်ကုန်-၁)

**“ ဆာ၊ ၉၂း၁၂ - ဖြောင့်မတ်သောသူသည် စွန်ပလွန်ပင်ကဲ့သို့ပွင့်လန်း၍ လေဗနုန်တောင်ပေါ်မှာ အာရဇ်ပင်ကဲ့သို့ကြီးပွားလိမ့်မည်။ ”**

အထက်ဖော်ပြပါ ကျမ်းချက်အရ ဆာလံဆရာ၏ညွှန်းဆိုမှုမှာ ရိုးရိုးကလေးပင်ဖြစ်သည်။ ဖြောင့်မတ်သောသူမှန်လျှင် စွန်ပလွန်ပင်ကဲ့သို့ပွင့်လန်းခြင်း (NIVတွင်favourish ) (ဝါ) ချိုမြိန်ခြင်းအသက်တာ ရှိရမည်ဖြစ်ပြီး အာရဇ်ပင်ကဲ့သို့ ကြီးပွားခြင်း (NIV တွင် grow ) ကြီးထွားရင့်ကျက်ခြင်းအသက်တာနှင့်လည်း ပြည့်စုံရပေမည်။ ယုံကြည်သူမှန်လျှင်လည်း ထိုနည်းလည်းကောင်းပင် ချိုမြိန်သောအသက်တာ ရှိရုံမျှမကပဲ ကြီးထွားရင့်ကျက်ခိုင်ခံ့မြဲမြံခြင်းရှိမှသာ ဘုရားသခင်ဘုန်းတော်ထင်ရှားပေလိမ့်မည်။

## စွန်ပလွန်ပင်အသက်တာ

စွန်ပလွန်ပင်များသည် လွင်တီးခေါင်ပြင်သဲကန္တာရထဲတွင် ပေါက်လေ့ရှိသောအပင်တမျိုးဖြစ်သည်။ ရေမရှိ သွေ့ခြောက်ပူပြင်းလျှက် တံလျှက်ပင်ထနေလေ့ရှိသော သဲကန္တာရအတွင်း နေထိုင်သူ ခရီးသွားသူတို့သည် အဝေးတနေရာက လှမ်းမြော်ကြည့်၍ စွန်ပလွန်ပင်များတွေ့ရပြီဆိုလျှင် ထိုနေရာကို အိုအေစစ်အဖြစ် သတ်မှတ်ကောက်ချက်ချနိုင်ပေပြီ ထိုနေရာတွင် ရေတွင်းလည်းရှိတတ်သည်။ နားခိုရာအိမ်ကလေးများလည်းဆောက်ထားတတ်ကြသည်။ စွန်ပလွန်သီး၏အရသာက ချိုမြိန်ပါသည်။ သက်တမ်းမှာ အနှစ်၂၀၀ ကျော်သောကြောင့် လူသားတို့သက်တမ်း ၂သက်တမ်းမှ၃သက်တမ်းကြားထိအကျိုးပြုသောအပင်ဖြစ်ပေသည်။ စွန်ပလွန်ရွက်ကို အိမ်မိုးရာတွင်အသုံးပြုတတ်ကြသလို ဖျာယက်ခြင်း၊ တောင်းယက်ခြင်းတွင်လည်း အသုံးပြုလေ့ရှိကြသည်။ စွန်ပလွန်စေ့ကိုထောင်း၍ ကုလားအုတ်အစာအဖြစ်လည်း အသုံးပြုလေ့ရှိကြသည်။အခြားအသုံးဝင်မှုများမှာ ဆိုးဆေး၊ ဆီ၊ ဖယောင်း၊ ပုတီးတို့ကို ပြုလုပ်၍လည်းရသည်။ ထူးခြားချက်မှာ စွန်ပလွန်ခက်ကိုအရှေ့အလယ်ပိုင်းနိုင်ငံဒေသများတွင် မြင့်မြတ်သောပုဂ္ဂိုလ်များ ကြိုဆိုရာတွင် ဂုဏ်ပြုသောအားဖြင့်ဝှေ့ယမ်းကြိုဆိုလေ့ရှိကြသည်။ အချုပ်အားဖြင့်ဆိုရသော် စွန်ပလွန်ပင်သည် နေရာတိုင်းအတွက်နီးပါးအသုံးဝင်သော အပင်မျိုးပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ ယုံကြည်သူများအသက်တာတွင်လည်း စွန်ပလွန်ပင်ကဲ့သို့နေရာတိုင်း၊ ကဏ္ဍတိုင်းအတွက်အသုံးဝင်သောအသက်တာရှိကြမှသာလျှင် ဘုရားသခင်ရွေးနှုတ်ရကျိုး၊ ကယ်တင်ရကျိုးနပ်သောသူများဖြစ်ကြပေလိမ့်မည်။

**‘ဟော၊ ၁၀း၁၂ - ကိုယ်အဘို့ဖြောင့်**

**မတ်ခြင်းမျိုးစေ့ကိုကြဲ၍၊ ကရုဏာတော်အသီးအနှံကိုရိတ်ကြလော့. . '**

ဟူ၍သွန်သင်ချက် ရှိသည်နှင့်အညီ ယုံကြည်သူပီသစွာ ရှင်သန်နေထိုင်သူ မှန်ပါက ဖြောင့်မတ်ခြင်း၏အသီးအပွင့်အဖြစ် ကရုဏာတော်အသီးအနှံကို ကျွန်ုပ်တို့ရိတ်သိမ်းရပေလိမ့်မည်။

**'၁ပေ၊ ၂း၂၄(က)- ငါတို့သည်အပြစ်နှင့်ဆိုင်သောအရာ၌အသေဖြစ်၍၊ဖြောင့်မတ်ခြင်းအရာ၌အသက်ရှင်စေမည်အကြောင်း. . '**

ဟူ၍ဖွဲ့ဆိုထားရာ၊ သခင်ယေရှုခရစ်က ကျွန်ုပ်တို့ယုံကြည်သူများအသက်တာအသီးသီးတွင် ဖြောင့်မတ်ခြင်း၌အသက်ရှင်သန်နေထိုင်ရန် အကြံအစည်တော်ရှိကြောင်းထင်ရှားလှပါသည်။

ယုံကြည်သူတို့၏အသက်တာကိုချိုမြိန်သောအရသာနှင့်ပြည့်ဝစေသည်မှာ ဝိညာဉ်ပကတိအတိုင်းကျင့်ကြံသွားလာနေထိုင်ခြင်းပင်ဖြစ်သည်။

**(ဂလာ၊ ၅း၂၂၊၂၃)တွင် 'ဝိညာဉ်ပကတိ၏အကျိုးမူကား ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း'**

ဟု ရှင်ပေါလု သွန်သင်ချက်ရှိသည်တွင် ကျွန်ုပ်တို့ယုံကြည်သူများ အသက်တာတွင်၄င်းအသီးအပွင့်များရှိခြင်းအားဖြင့် အသက်တာချိုမြိန်အရသာရှိသည်သာမက စွန်ပလွန်ပင်ကဲ့သို့သူတပါးကိုလည်း အကျိုးပြုသော အသက်တာ၌ရှင်သန်



**ယုံကြည်သူ
များအသက်တာတွင်လည်း
စွန်ပလွန်ပင်ကဲ့သို့
နေရာတိုင်း၊ ကဏ္ဍတိုင်း
အတွက်အသုံးဝင်
သောအသက်တာရှိကြမှ
သာလျှင်
ဘုရားသခင် ရွေးနုတ်ရကျိုး၊
ကယ်တင်ရကျိုးနပ်
သောသူများဖြစ်ကြပေလိမ့်မည်**

သွားလာနေထိုင်ရန်ဘုရားသခင်အလိုတော်ရှိပါသည်။ ထိုသို့သောသူများ၏အသက်တာကို **(ဆာ၊၉၂း၁၃၊၁၄)ထာဝရဘုရား၏အိမ်တော်၌စိုက်ပျိုးသောသူတို့သည်ငါတို့ဘုရားသခင်တန်တိုင်းတော်အတွင်းတွင်ပွင့်လန်းကြလိမ့်မည်။ အသက်ကြီးသောကာလတွင်ပင် အသီးကိုသီး၍ ကြွယ်ဝစိမ်းလန်းကြလိမ့်မည်။ '**

ဟူ၍ဘုရားသခင်မျက်မှောက်တော်ရှေ့တော်၌သွားလာကျင်လည်ခြင်းရှိသူ ဖြောင့်မတ်စွာနေခြင်း၌ အသက်တာရပ်တည်သွားလာသူတို့အသက်တာသည် ဘုရားသခင်ရှေ့တော်၌မျက်နှာရခြင်း၊ မျက်နှာသာပေးခြင်း၊ မျက်နှာပွင့်လန်းခြင်းအခွင့်ကို ရရှိကြောင်း တင်စား၍ဆာလံဆရာကဖွဲ့ဆိုထားပါသည်။

## အာရဇ်ပင်အသက်တာ

အာရဇ်ပင်ကို လေဗနုန်တောင်တွင် မြောက်မြားစွာပေါက်ရောက်လေ့ရှိကြောင်း သမ္မာကျမ်းစာမှဖော်ပြလေ့ရှိသည်။ မြန်မာလို(သစ်ကတိုးပင်) ဟုခေါ်ဝေါ်လေ့ရှိသည်။ ခိုင်ခံ့သောအသားရှိပြီး ပင်စည်က ကြီးထွားမြင့်မားလှသည်။ **ဆာ၊ ၁၀၄း၁၆ တွင် 'ထာဝရဘုရား၏သစ်ပင်စိုက်တော်မူသောလေဗနုန်အာရဇ်ပင်. . '** ဟုဖော်ပြထားရာ အာရဇ်ပင်သည် ကြီးကျယ်ခြင်း၊ မြင့်မြတ်ခြင်းကို ကိုယ်စားပြုပါသည်။ အရှေ့အလယ်ပိုင်းဒေသများတွင် အာရဇ်ပင်ကို အဆောက်အဦးဆောက်လုပ်ခြင်း၊အိမ်အတွင်းပရိဘောဂပြုလုပ်ရာတွင် ပိုးမထိုးနိုင်သောကြောင့် တွင်တွင်ကျယ်ကျယ်အသုံးပြုလေ့ရှိသည်။

ကျွန်ုပ်တို့ယုံကြည်သူများအသက်တာတွင်လည်း အသက်တာတည်ဆောက်မှုအာရဇ်ပင်ကဲ့သို့ခိုင်ခံ့ခြင်း၊ မြဲမြံခြင်းအသက်တာမျိုးရှိဖို့ရန်လိုအပ်သည်။

**'ဆာ၊ ၉၂း၁၅- ထိုသို့သောအားဖြင့် ငါ၏ကျောက်၊ ထာဝရဘုရားသည် ဖြောင့်မတ်တော်မူ၍. . . ကင်းလွတ်တော်မူသည်ဟု ထင်ရှားလိမ့်သတည်း'**

ထိုအချက်အရ ဆာလံဆရာ၏အသက်တာအခြေပြုရာကျောက်သည် ထာဝရဘုရားအပေါ်မှာ ဖြစ်ကြောင်းထင်ရှားသည်သာမက သူ၏အသက်တာတွင် ခိုင်ခံ့မြဲမြံခြင်းရှိကြောင်း ဖော်ပြလျှက်ရှိပေသည်။ နေ့စဉ် ယုံကြည်သူအသက်တာအသက်ရှင်ကျင်လည် လျှောက်လှမ်းရာ၌အဓိကသုံးသပ်နိုင်ရမည့်အချက်နှစ်ချက်ရှိသည်။

**Standing (ကျွန်ုပ်တို့၏ရပ်တည်ခြင်း)**

**State (ကျွန်ုပ်တို့၏အခြေအနေ)**

ပင်ဖြစ်သည်။ ရပ်တည်ခြင်းမှန်လျှင် အခြေအနေမှန်နိုင်သည်။ ရပ်တည်ခြင်းမှားလျှင် အခြေအနေမှားနိုင်သည်ဟု ယေဘုယျအားဖြင့် တွက်စစ်နိုင်ပါသည်။ အထူးသတိချပ်ရန်အချက်တခုတော့ရှိပါသည်။ ရံဖန်ရံခါ၌ ကျွန်ုပ်ရောက်ရှိနေသောအခြေအနေများယွင်းနေတတ်သော်လည်း ကျွန်ုပ်တို့၏ရပ်တည်ခြင်းမှန်ကန်ရန် အထူးအရေးကြီးလှသည်။ မ၊ ၁၄း၂၈-၃၁ တွင် ရှင်ပေတရု၏ဝိညာဉ်ရေးရာအခြေအနေတရပ်ကို တွေ့နိုင်သည်။ ငယ်၂၈၊၂၉ တွင် **'သခင် ကိုယ်တော်မှန်လျှင် ရေပေါ်မှာလာရမည်အကြောင်း. . လေ့ပေါ်က ဆင်း၍ ယေရှုထံသို့ရောက်အံ့သောငှါ ရေပေါ်မှာ လှမ်းသွား၏။'** သခင်ယေရှုထံသို့ဗဟိုပြု(ရပ်တည်မှု) ၍သွား

လာချိန်တွင် ပေတရုအသက်တာတွင် အံ့သြဖွယ် နိမိတ်လက္ခဏာများရရှိခံစားရကြောင်း တွေ့ရှိရသည်။ သို့သော် **ငယ်၊ ၃၀၊ 'လေပြင်းသည်ကို မြင်လျှင် ကြောက်လန့်၍နစ်မွန်းလုသည်ရှိသော် ကယ်မတော်မူပါ သခင်ဟုဟစ်ကြော်လေ၏'** ဤတွက် ပေတရု၏ ဗဟိုပြုမှု(ရပ်တည်မှု)လွဲမှားနေခြင်းကိုတွေ့ရသည်။

**'မ၊ ၁၄း၃၁- ယေရှုသည် လက်တော်ကို ချက်ခြင်းဆန့်၍ ပေတရုလက်ကိုကိုင်တော်မူလျှက် ယုံကြည်ခြင်းအားနည်းသူ၊ အဘယ်ကြောင့်ယုံမှားစိတ်ဝင်သနည်းဟုမေးတော်မူ၏'**

ထိုအချက်ကို ကြည့်ခြင်းအားဖြင့် စိတ်နှလုံးကိုထိုးထွင်းသိမြင်တော်မူသော သခင်ဘုရားသည် ပေတရု၏အတွင်းလူရပ်တည်ချက်မှန်သေးကြောင်းသိမြင်တော်မူသည်။ ထို့ကြောင့် ယုံကြည်ခြင်းအားနည်းသူဟုသာ ခေါ်ဝေါ်ခဲ့သည်။ မယုံကြည်သူဟုမစွပ်စွဲခဲ့ပါ။ ကျွန်ုပ်တို့အသက်တာတွင်လည်း ပေတရုအသက်တာကို သင်ခန်းစာသဖွယ်ရယူ၍ တခါတရံ၌ ဆင်းရဲဒုက္ခကျပ်တည်းမှုများထဲတွင် အသက်တာနစ်မွန်းလုသောအချိန်ရောက်ရှိနေသော်လည်း ကျွန်ုပ်တို့၏ရပ်တည်ချက်ကပေတရုကဲ့သို့ပင် ထိုသခင်အပေါ်တွင် အခြေပြုရပ်တည်သွားလာရန်လိုအပ်ပါသည်။

**'ဂလာ၊ ၂း၂၀. . ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏. . '** ဟူ၍၄င်း၊ **'ဖိလိ၊ ၁း၂၁- ငါအသက်ရှင်သောအရာ ခရစ်တော်ဖြစ်၏၊ သေလျှင်မူကားသာ၍အကျိုးရှိ၏'** ဟူ၍၄င်း၊ ရှင်ပေါလုမှ ကျွန်ုပ်တို့၏ရပ်တည်ချက်မှာ ခရစ်တော်ယေရှုတပါးတည်းသာလျှင် ဖြစ်ကြောင်း ရှင်းလင်းဖွင့်ဆိုထားသည်ဖြစ်၍၊ ကျွန်ုပ်တို့သည် ခိုင်ခံ့မြဲမြံသောအာရဇ်ပင်ကဲ့သို့အသက်တာ၊ ချိုမြိန်သောအရသာနှင့်ပြည့်စုံ၍ သူတပါးကိုလည်း အကျိုးပြုသော စွန်ပလွန်ပင်ကဲ့သို့သောအသက်တာမျိုးနှင့်ပြည့်စုံသောစံချိန်မှီခရစ်ယာန်အသက်တာသို့တက်လှမ်းသွားလာနိုင်ရန်ရည်သန်လျှက်။

အယောက်စီတိုင်းကို ဘုရားသခင်ကောင်းကြီးပေးပါစေ။

**Standard of**

**the Christianity**

**is THE BIBLE**

**Standing of**

**the Christianity**

**must be Christ.**


H..P. S E N G

၄

# “ အလင်းရှင် ”

၁။ ငါ့ဘဝရဲ့ရှင်သန်မှုအသက်တာဟာ
ခရစ်တော်ကိုစတင်ပြီးရရှိတဲ့
နေ့ကစပြီး. . .
သက်ဝင်လှုပ်ရှားစေခဲ့တယ်

၂။ ပျောက်ဆုံးနေတဲ့ငါ့ရဲ့
အနာဂတ်နေ့သစ်တွေဟာ
အမှောင်လောကရဲ့အောက်မှာ
နစ်မြုပ်စီးဆင်းသွားခဲ့ကြတယ်

၃။ အလင်းမဲ့နေတဲ့ငါ့ဘဝရဲ့
မျှော်လင့်ချက်တွေနဲ့
မွန်းကျပ်လှောင်ပိတ်မှုတွေရဲ့အောက်ကနေ
လမ်းပြကယ်တင်ခဲ့တာ ခရစ်တော်ပါ

၄။ ခရစ်တော်ဟာ ငါ့ဘဝရဲ့
အလင်းရှင်ကယ်တင်ရှင်ပေါ့
ဒါ့ကြောင့် ခရစ်တော်ကို
ငါသိပ်ချစ်တယ်



# "အသင်းတော်ကြီးထွားရန်၌"

Paul Winbert

**ဘုရားသခင်ကိုလည်းချီးမွမ်း၍၊ လူအပေါင်းတို့ရှေ့မှာမျက်နှာပွင့်လန်းခြင်းအခွင့်ကိုရကြ၏။ ကယ်တင်ခြင်းသို့ရောက်သောသူတို့ကိုလည်း နေ့စဉ်မပြတ် သခင်ဘုရားသည် သင်း၀င်စေတော်မူ၏။ (တ၊ ၂း၄၇)**

အထက်ပါကျမ်းစာနှုတ်ကပတ်တော်အရ အရှင်ယေရှုခရစ်တော်၏ဧဝံဂေလိတရားကိုကြားနာပြီး ထိုအရှင်ကို မိမိတို့ကယ်တင်ပိုင်ရှင်ဟု နှလုံးသားဖြင့်ခံယူဝန်ခံသောသူတို့ကို သခင်ဘုရားက သင်း၀င်သူဖြစ်စေသည်။ အသင်းတော်၌ စုဝေးစေသည်။ နေ့စဉ်တိုးပွားစေသည်။ကနဦးအသင်းတော်များတည်ထောင်သော တမန်တော်များလက်ထက်၌အသင်းတော်များ၏လျှင်မြန်စွာတိုးပွားသည်ကို အထက်ပါနှုတ်ကပတ်တော်အားဖြင့် တွေ့မြင်သိရှိရသည်။

ထိုသို့သင်း၀င်သူများလျှင်မြန်စွာတိုးပွားရခြင်းမှာ၊ အရှင်ယေရှုခရစ်တော်ရွေးချယ်ခန့်ထားသောတမန်တော်များမှအစ အခြားသောတပည့်တော်(၇၀)တို့ကို နှစ်ယောက်စီ၊ နှစ်ယောက်စီစေလွှတ်ဟောပြောစေသည့်အခါ၊ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော် နှင့်ပြည့်ဝကြသဖြင့်ဝေငှဟောပြောလိုက်သည်နှင့်ကြားနာသမျှ လူများအံ့သြခြင်း၊ အသက်တာပြောင်းလဲခြင်း၊ အံ့သြဘွယ်နိမိတ်လက္ခဏာဖြစ်သော အနာငြိမ်းခြင်း၊ နတ်ဆိုးနှင်ထုတ်ခြင်းများ ပြုနိုင်ခဲ့ကြောင်း ခရစ်ဝင်ကျမ်းတို့၌တွေ့မြင်ရမည်ဖြစ်သည်။

ထိုအချိန်ထိုအခါ၌ ထိုသို့သောနိမိတ်လက္ခဏာများထင်ရှားစေသော တမန်တော်တို့နှင့် အခြားတပည့်တော်တို့ လူအစုစုတို့သည်ယခုလောကတခွင်၌ရှိနေကြသော လူအပေါင်းတို့နှင့် လူဖြစ်ခြင်း၌ ဘာမျှခြားနားမှုမရှိ၊ ခေါင်းတစ်လုံး၊ ကိုယ်တစ်ခု၊ ဝိညာဉ်တစ်ပါးစီသာ အတူတူပိုင်ဆိုင်သော လူအသီးသီးသာဖြစ်ကြသည်။ မတူညီဘဲ ခြားနားသည်က အရှင်ယေရှုခရစ်တော်ကို မိမိတို့၏ကယ်တင်ပိုင်ရှင်ဟု နားလည်ခံယူဝန်ခံသိကျွမ်းမှုရှိခြင်း မရှိခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝမှုရှိခြင်း၊ မရှိခြင်းသာကွာခြားနေကြောင်းဆိုရမည်ဖြစ်သည်။

ဤတွင် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်းသည်သာလျှင် ပြုလေရာရာ၌ ပြီးမြောက်အောင်မြင် အံ့သြဘွယ်ဖြစ်စေကြောင်း သိမှတ်ခံယူရသည်။ မြင်သာသောဖြစ်ပျက်မှုကား သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသော တမန်တော်များ တည်ထောင်ခဲ့သော အသင်းတော်အသီးသီးတို့သည် ထူထောင်စဉ်က တဟုန်တည်းတိုးပွားခြင်းရှိသော်လည်း တမန်တော်များ မရှိကြသည့်အခါ ထိုအသင်းတော်တို့သည် ကွယ်ပျောက်ကုန်ကြသည်။ ဗျာဒိတ်ကျမ်း၌ဖော်ပြထားသော အသင်းတော်(၇)ပါး ပင်လျှင် အမည်အားဖြင့်တွင်ရစ်ခဲ့သော်လည်း ပကတိအားဖြင့် ထိုအသင်းတော်များ တစ်ပါးမျှမရှိတော့သည်သာမက၊ ထိုအသင်းတော်များတည်ရှိခဲ့သောနေရာဒေသအားလုံးတို့သည်အခြားဘာသာကြီးတစ်ခုမှ ထူးခြားစွာလွှမ်းမိုးအုပ်

စိုးလျှက် အသင်းတော်သာမက ခရစ်ယာန်များပင် ပျောက်ကွယ်ကုန်ကြောင်း သတိပြုမိသူတိုင်းဝမ်းနည်းစွာရှုမြင်ခံစားရသည်။

ဤကဲ့သို့ဖြစ်ပျက်ခဲ့ရခြင်းသည် တမန်တော်များမရှိတော့ကြသည့် နောက်ပိုင်းမှာ အမှုတော်မြတ်၌ဆက်ခံလုပ်ဆောင်သူအသီးသီးတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝစွာခံယူထိန်းကျောင်းခြင်းတရွေ့ရွေ့လျော့နည်းလာသောကြောင့် ထိုသို့ပျောက်ကွယ်ရခြင်းသို့သက်ဆင်းရကြောင်း သုံးသပ်တွေ့ရှိရသည်။

သို့ဖြစ်၍ ယုံကြည်သူတိုင်း၌ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝစေရန် အထူးအရေးကြီးခံယူကျင်လည်ရန် မမိုတ်မသုန်လိုအပ်ကြောင်း သတိပြုရာဖြစ်သည်။ ထိုသို့သတိပြုရန် တိုက်တွန်းရခြင်းသည် Operation World ရေးသားသုတေသနမှတ်တမ်းပြုသူ PATRICK JOHNSTONE ၏ ဖော်ပြချက်အရ ကမ္ဘာတဝှမ်းရှိ ခရစ်ယာန်နှင့် အခြားဘာသာအသီးသီးတို့၏ တည်ရှိမှုအခြေအနေကိုကြည့်ခြင်းဖြင့် ယုံကြည်သူများသည် အမှုတော်မြတ်၌ကြိုးပမ်းဆက်ကပ်လုပ်ဆောင်ရန်လိုကြောင်း အောက်ဖော်ပြပါ စာရင်းဇယားကစေ့ဆော်တိုက်တွန်းနေကြောင်းခံစားရသည်။ ထိုသုတေသနပြုချက်အရ

**၁၉၈၅ခုနှစ်၌ ကမ္ဘာ့လူဦးရေ၏**

**-၂၀%ဖြစ်သော သန်းပေါင်း ၉၇၀သည်ဘာသာတရားမရှိသူများ**

**-၁၈%ဖြစ်သော သန်းပေါင်း ၈၉၀ သည်မူစလင်ဘာသာ**

**-၁၃. ၁%ဖြစ်သော သန်းပေါင်း ၆၃၀သည် ဟိန္ဒူဘာသာ**

**-၁၁. ၅%ဖြစ်သော သန်းပေါင်း ၅၅၆ သည်ဗုဒ္ဓဘာသာ**

**-၃၂. ၄%ဖြစ်သော သန်းပေါင်း ၁၅၆၃ သည် ခရစ်ယာန်ဘာသာ**

**-၄. ၆%ဖြစ်သော သန်းပေါင်း ၁၅သည် အခြားဘာသာ (ဂျူးဘာသာကဲ့သို့သော သေးငယ်သောဘာသာများ)**

အထက်ပါစာရင်းဇယားအရ ခရစ်ယာန် ၃၂. ၄%ဖြစ်သော သန်းပေါင်း ၁၅၆၃ ထဲ၌ ဒုတိယမွေးခြင်း (Born Again )ခရစ်ယာန် မည်မျှရှိသည်ကို ဘုရားသခင်မှလွဲပြီး မည်သူမျှအတိအကျ မသိနိုင်ပါ။ ဘာကြောင့် ဤကဲ့သို့ဆိုရသည်ဟု ဖော်ပြရလျှင် စာတန်မာရ်နတ်သည် ဒုတိယမွေးခြင်းမတိုးပွားစေရန်နှင့် ဒုတိယမွေးခြင်းနယ်ပယ်၌ရှုတ်ထွေးစေရန် အမှုနှစ်ပါးကို ဤကဲ့သို့အမြဲပြုကြောင်း သတိပြုရာသည်။

(က) ခရစ်ယာန်ဟုဆိုရာနယ်ပယ်၌ဒုတိယမွေးခြင်း၊ အသက်တာပြောင်းလဲခြင်းမရှိပါဘဲလျှက်ခံယူပြီးဘိသကဲ့သို့ ကျေနပ်မှုပေးထားသူများစွာရှိနေခြင်း၊ (ခ) ဒုတိယမွေးခြင်းအမှန်ခံယူပြီးဖြစ်သော်လည်း ထိုသို့မခံယူဘိသကဲ့သို့သံသယစိတ်သွင်းထားပြီး အသက်တာ သမ္မာတရားလမ်းမှ ချော်ထွက်နေသူများစွာရှိကြောင်း သတိပြုစရာရှိနေသည်။

ဤတွင် ဒုတိယမွေးခြင်းခံယူသည်၊ မခံယူသည်ကို သူတပါးအပေါ် ရှုမြင်စစ်ကြောခြင်းထက်ရှင်ပေါလုက "သင်တို့သည် ယုံကြည်ခြင်း၌တည်သလော မတည်သလော ကိုယ်ကိုကိုယ်



စစ်ကြောကြလော့ ကိုယ်ကိုကိုယ်စုံစမ်းကြလော့”ဟု ၂ကော၊ ၁၃း၅၌ သတိပေးသွန်သင်ထားခြင်းသည် သူတပါးကို ရှု့မြင်စစ်ကြောခြင်းထက် ကိုယ်ကို ကိုယ်သာ စစ်ကြောရန် ဖြစ်ကြောင်းနားလည်ခံယူ ရ၏။

ဤအတွက်ကြောင့် အရှင်ယေရှုခရစ်တော်မူကား လူအပေါင်းတို့သည် သူ့ကိုသိကျွမ်းပြီး သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလျှက်အသင်းတော်အသီးသီးတို့၌တပျော်တပါး စုဝေးရာမှ နေ့စဉ်တိုးပွားလျှက် ချီဆောင်ခြင်းနေ့ရက်၌တစ်ယောက်မကျန် တပျော်တပါး အားလုံးတို့သည် ချီဆောင်ခြင်း၌ပါသွားရန် ထိုအရှင်အလိုရှိသည်။ ထိုအလိုပြည့်စုံစေရန်သူကိုယ်တိုင် လက်ဝါးကားတိုင်ပေါ်မှာ ငါတို့အပြစ်အတွက် အသေခံပြီး ကယ်တင်သောအမှုကို ပြုခဲ့ပြီးဖြစ်သည်။ ဤအမှုကို သိရှိခံယူပြီးသောသူတို့က သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝစွာဖြင့် ဆက်လက်ပြောကြားမှ မသိသူသိလာ၊ ထိုသိလာသူတို့သည်လည်း သိလာယုံသက်သက်မဟုတ်ဘဲ ဆက်လက်ပြောကြားသောတာဝန်ကို မမှိတ်မသုန်ကိန်းအောင်းရန်လိုကြောင်း မမေ့အပ်ပေ။

ထိုသို့လုပ်ဆောင်မှုကို အားကြိုးမာန်တက်လုပ်ဆောင်နိုင်ရန်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝရန်လိုသည်ဟုခံယူရသော်လည်း တကယ်လက်တွေ့မှာခံယူရန်နည်းလမ်းလိုလာသည်။ အမှန်စင်စစ် ထိုနည်းလမ်းမှာ ကိုယ့်လက်ဝါးကားတိုင်ထမ်းပြီးသူ့နောက်လိုက်ရန် အရှင်ယေရှုခရစ်တော်၏မိန့်မှာချက်နည်းလမ်းပင်ဖြစ်သည်။ တနည်းကားတစ်ဦးချင်းတို့သည် အချိန်၊ ဘဏ္ဍာ၊ စွမ်းအားရှိသမျှ ဆက်ကပ်အပ်နှံလျှက် တတ်စွမ်းနိုင်ခြင်းမရှိသည်ကို အမှုမထားဘဲ အရှင်ယေရှုခရစ်တော်အားဖြင့် တတ်စွမ်းနိုင်သည်ကို လုံးဝသံသယမရှိခံယူ

ယမရှိ ခံယူကြိုးပမ်းလုပ်ဆောင်ခြင်းပင် ဖြစ်သည်။ ဤတွင် ဤအမှုသည် အလွန်ခက်ခဲလှသည် မလွယ်ပါတကား ဟု လွယ်လွယ်ဆိုရန်ရှိသည်။ သို့သော် မလွယ်သောအမှုရှိသည်ကို ရင်ဆိုင်လာပြီဆိုလျှင် အမှုရှိသမျှတို့ကို ဖြေရှင်းပေးနေသောထိုအရှင်ထံ အပ်နှံလိုက်ရုံသာရှိသည်။ သူဖြေရှင်းပေးမည့်ကတိတော်ကို ယုံကြည်ခြင်းဖြင့် တုံ့ပြန်ရန်နည်းလမ်းကို ကိုင်စွဲအသုံးချခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်းပင်ဖြစ်သည်။

သို့သော် ထိုသို့ကိုင်စွဲရန်မှာ ထိုအရှင်ကို သိကျွမ်းရန်လိုသည်။ ထိုအရှင်နှင့်တော်စပ်ရန်လိုသည်။ တနည်းကား အသက်တာအမှန်ပြောင်းလဲခြင်း (ဒုတိယမွေးခြင်း) သေချာရန်လိုသည်။ ဒုတိယမွေးခြင်းနှင့်ပတ်သက်ပြီး စာရေးသူအနေဖြင့် သက်သေခံဖော်ပြလိုသည်။

စာရေးသူသည် အိမ်မဲမြို့နယ်အနောက်ဘက်အစွန်ဆုံးပုသိမ်အရှေ့မြို့နယ်- နယ်စပ်ကျုံလမုချောင်း အရှေ့ဘက်ကမ်းရှိ " တကူဆိပ်"ကရင်ခရစ်ယာန်ကျေးရွာမှာ မွေးဖွားကြီးပြင်းလာသူဖြစ်သည်။ ငယ်စဉ်ဘဝမှာပင် ခရစ်ယာန်ဟူသောအမည်နာမကို ခံယူသည်။ ဤရွာသည် ကရင်နယ်ပယ်၌ အလွန်လူသိများကျော်ကြားသည်။ တကူဆိပ်ရွာ၊ တကူဆိပ်ရွာသားများဟု အများသိမှတ်နေကြသည်။ ထိုသို့ သိမှတ်ခြင်းမှာလည်း သိမှတ်လောက်ပေသည်။ ဤရွာ၏အရှေ့ဘက်နှင့် အနောက်ဘက်တို့၌ ဘုရားရှိခိုးကျောင်းတကျောင်းစီရှိခြင်းဖြင့် ခရစ်ယာန်ရွာဟုပို၍ပီသစေသည်။

ဤရွာသည် ပညာရေးကို စိတ်ဝင်စားပြီး အထူးအားပေးသဖြင့် အစိုးရမူလတန်းကျောင်းနှစ်ကျောင်းရှိရာမှ ယခုဆိုလျှင်တွဲဘက်အထက်တန်းကျောင်းအထိရှိနေပြီး ဖြစ်ကြောင်း ကြားသိရသည်။ တချိန်က အရှေ့တောင်အာရှတွင် အကောင်းဆုံးသောစာသင်ကျောင်းဟု ကျော်ကြားခဲ့သော ပုသိမ်မြို့မှ"ကိုသာဖြူစကောကရင်အထက်တန်းကျောင်း" သည် ၁၉၄၉ခုနှစ် တိုင်းပြည်မငြိမ်မသက်ဆိုးဝါးချိန်မှာ ဖြိုဖျက်ပျက်စီးသွားသည့်အခါ ထိုကျောင်းကို တကူဆိပ်ရွာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရာ ၁၉၅၇-၅၈ စာသင်နှစ်အထိဖြစ်သည်။ ၁၉၅၈-၅၉ စာသင်နှစ်မှစပြီး ပုသိမ်မြို့ရှိမူလတန်းကျောင်းဝင်းနေရာသို့ ပြန်လည်ဖွင့်လှစ်ခွင့်ရပြီး ယခုဆိုလျှင် အ. ထ. က(၅)ပုသိမ်ဟု တည်ရှိနေလျှက်ရှိသည်။ ထို့ကြောင့် တကူဆိပ်ရွာနှင့် ကိုသာဖြူကျောင်းကို ထိုအချိန်က တထပ်တည်း ရှုမြင်ခံစားရပြီး ရွာသူ၊ ရွာသားများရောက်ရာအရပ်မှာ မျက်နှာရကြသည်။

(နောက်လတွင်ဆက်လက်ဖော်ပြပါမည်)

**ကိုင်စွဲရန်မှာ ထိုအရှင်ကို**

**သိကျွမ်းရန်လိုသည်၊**

**ထိုအရှင်နှင့်တော်စပ်ရန်လိုသည်၊**

# "ရှေ့၌ကြွချီတော်မူသော ဘုရားသခင်"

**(ဆာ၊ ၆၈း၇၊၈)** **ရှုသ**

" အိုဘုရားသခင်၊ ကိုယ်တော်၏လူစုရှေ့မှာကြွ၍၊ တော၌ချီတော်မူသောအခါ၊ ဘုရားသခင်၏မျက် နှာတော်ကြောင့်၊ မြေကြီးလှုပ်၍၊ မိုယ်းကောင်းကင်သည် ယိုစီးလေ၏။ ဣသရေလအမျိုး၏ဘုရားသခင်မျက်နှာတော်ကြောင့် သိနာတောင်သည်လည်း တုန်လှုပ်၏။'

## (က)ဘုရားသခင်၏ဦးဆောင်ခြင်း

ဆာလံဆရာ၏အဆိုအရ ဘုရားသခင်သည် ဣသရေလလူမျိုးတော်တို့၏ ခရီးစဉ်တွင်ရှေ့မှချီကြွတော်မူကြောင်းကို သိရှိနိုင်သလို မြေကြီးလှုပ်ခြင်း၊ မိုယ်းကောင်းကင် ယိုစီးခြင်း၊ သိနာတောင်တုန်လှုပ်ခြင်း၊ စသည်အားဖြင့် အံ့သြဘွယ်နိမိတ်လက္ခဏာနှင့်ကြုံဆုံ တွေ့မြင်ရကြောင်းဖွဲ့ဆိုထားသည်။ ကျွန်ုပ်တို့ ယုံကြည်သူများယုံကြည်ခြင်းအသက်တာလျှောက်လှမ်းသွားလာချိန်ဘဝအသက်တာခရီးစဉ်တခုလုံး၏ရှေ့မှာ ချီ ကြွတော်မူသောသူသည် ဘုရားသခင်သာလျှင်ဖြစ်ကြောင်း သတိချပ်သင့်သလို၊ အသက်တာ၏အလှည့်အပြောင်းထူးခြားမှုဖြစ်စဉ်များကို ဘုရားသခင်ကသာပြုပြင်စီရင်လျှက်ရှိကြောင်း သတိထားသင့်ကြသည်။

**(ထွ၊၁၃း၂၁၊၂၂-"သူတို့သည်နေ့ညသွားနိုင်အောင် ထာဝရဘုရားသည်နေ့၌ကား၊ လမ်းပြဖို့မိုယ်းတိမ်တိုင်အားဖြင့်၎င်း၊ ည၌ကားအလင်းပေးဖို့မီးတိုင်တော်အားဖြင့်၎င်း၊ သူတို့ ရှေ့က ကြွတော်မူ၏။ နေ့အချိန်၌မိုယ်းတိမ်တိုင်၊ ညဥ့်အချိန်၌မီးတိုင် တော်ကိုသူတို့ရှေ့မှရုပ်သိမ်းတော်မမူ"** ဟူ၍ ကျမ်းစာမှမှတ်တမ်းတင်ထားသည်ကို ကြည့်ခြင်းအားဖြင့် လူမျိုးတော်အပေါ်တွင် ပြ သသောဘုရားသခင်၏ကောင်းမြတ်မှု မည်မျှကြီးမားသည်ကို တွက်စစ်နိုင်သည်။ ဤနှုတ်ကပတ်တော်အပေါ်တွင် ရပ်တည်လျှက် ကျွန်ုပ်တို့၏ ဘဝအသက်တာအတွက် သွန်သင်ချက်မှာကျွန်ုပ်တို့၏အသက်တာဘဝခရီးလမ်းကို ဦးဆောင်လျှက်လမ်းပြနေသူမှာ ဘုရားသခင်တပါးတည်းသာဖြစ်သည်။

**<u>မိုယ်းတိမ်တိုင်</u>**တည်းဟူသော အရိပ်အာဝါသကိုပေးလျှက် ဘဝအသက်တာ၏လုပ်ရှားရုန်းကန်ခြင်းကြောင့်ထွက်ပေါ်လာသည့် မောပန်းနွမ်းနယ်မှုများ၊ ပင်ပန်းဆင်းရဲမှုများကို ပြေပျောက်စေလျှက် ချွေး




သိပ်နှစ်သိမ့်ခြင်း အမှုကိုပြုပေးလျှက်ရှိသကဲ့သို့၊

**မီးတိုင်တော်တည်း** ဟူသော နှုတ်ကပတ်တော် အလင်းဖြင့် မှောင်မိုက်ခြင်းထဲမှ စမ်းတဝါးဝါး လျှောက်လှမ်း သွားလာရမှုနှင့်အတူ၊ အသက်တာဘဝ၏လုံခြုံ ရေးအတွက်စိုးရိမ်ထိတ်လန့်ခြင်းရှိသမျှကို ကင်းစင်စေသည်မှာ ဘုရားသခင်၏ကရုဏာတော် သက်သက်ဖြစ်ကြောင်း သဘောပေါက်သင့်ကြသည်။

### (ခ) ဘုရားသခင်၏ကွယ်ကာခြင်း

(ထွ၊ ၂၃း၂၀၊၂၃၊၂၇၊၂၈)

“ I will send ” ငါစေလွှတ်၍

**(i) . . ကြည့်ရှုလော့။ လမ်းခရီး၌သင့်ကို စောင့် ရှောက်၍. . . ကောင်းကင်တမန်ကို သင့်ရှေ့၌ငါစေလွှတ်၏။. . ငါ့တမန်သည် သင့် ရှေ့၌သွား၍ သင့်ကို အာမောရိလူ၊ ဟိတ္တိလူ၊ . . ယေဗုသိလူတို့ရှိရာသို့ ဆောင် သွင်း၍၊ သူတို့ကို ငါပယ်ရှင်းမည်(၂၀၊၂၃)**

( An angle ahead of you )

**( ii) ငါ့ကိုကြောက်တတ်သောသဘောကို သင့် ရှေ့သို့ငါစေလွှတ်၍. . . (၂၇)**

( my terror ahead of you )

**(iii) ပျားတုပ်များကိုလည်း သင့်ရှေ့သို့ငါ စေလွှတ်၍. . .**

( the hornet ahead of you )

ကတိတော်မြေကိုဝင်စာရလတ့်သော ဣသရေလလူမျိုးများအတွက် အကောင်းဆုံးစီမံမှုဖြင့် အကွယ်အကာပေးနေသည်မှာလည်း ဘုရားသခင်ပင်ဖြစ်သည်။ လူမျိုးတော်များကိုအဲဂုတ္တုပြည်မှနှုတ်ဆောင်ရန် အဲဂုတ္တုပြည်ကိုဘေးဒဏ်ကြီး(၁၀)ခုဖြင့် စီရင်ခြင်း၊ ဧဒံ့ပင်လယ်ကိုဖြတ်သန်းစေခြင်း အတွေ့အကြုံနှင့် သတင်းစကားက ဣသရေလလူမျိုး၏ရန်သူရှိသမျှကိုတုန်လှုပ် ခြောက်ခြားစေသည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

တရွေ့ရွေ့ခြင်းချီလာသော ဣသရေလတပ်ကြီး၏ ရှေ့တွင် သူတို့ရရှိထားသော ဘုရားသခင်၏အ ကွယ်အကာက သူတို့ကို နဖူးတွေ့၊ ဒူးတွေ့ရင် ဆိုင်ဖို့ရန်အားခဲထားသည့် ဟိဝိလူ၊ ခါနနိလူ၊ ဟိတ္တိလူတို့၏အတွက်ရပ်တည်မှုခွန်အားကို ကင်းမဲ့စေသည်သာမက စိုးရိမ်ခြင်း၊ ကြောက်လန့်ခြင်းနှင့်အတူထွက်ပေါက်ရှာပြီး ထွက်ပြေးကြဖို့ရန် နည်းလမ်းကို အချိန်တိုင်းစဉ်းစားနေစေ ခဲ့သည်တဘက်ရန်သူများတွေဝေမိန်းမောသွား အောင်လုပ်ဆောင်ပေးခြင်းက ဘုရားသခင်ပေးသောအကြီးမားဆုံးသောအ ကွယ်အကာပင်ဖြစ်သည်။

(ဆာ၊ ၉၁း၁၁)တွင် **<u>'သွားလေရာရာ၌သင့်ကိုစောင့်ရှောက်စေခြင်းငှါ ကောင်းကင်တမန်တို့အားသင့်အဘို့မှာထား တော်မူသည်ဖြစ်၍'</u>** ဟူ၍ဆာလံဆရာကစပ်ဆို ထားသည်မှာ ကျွန်ုပ်တို့ယုံကြည်သူများအတွက် အသက်တာလမ်းခရီးတွင်ရှိသမျှသော အန္တရာယ်ရန်စွယ်ရှိသမျှကို ိုကြိုတင်၍ကာကွယ်ပေးနေသူမှာ ဘုရားသခင်ပင်ဖြစ်ကြောင်း ကတိတော်တခုအဖြစ်ခံယူလျှက်သွားလာကျင်လည်သင့်ကြပေသည်။



**(ဂ) ဘုရားသခင်အတူပါရှိခြင်း**

**တော၊ ၁၀း၃၅၊၃၆- သေတ္တာတော်သွားသောအခါ၊ မောရှေက အိုထာဝရဘုရားထတော်မူပါ၊ ကိုယ်တော်၏ရန်သူတို့သည် လွင့်ကြပါစေသော။ ကိုယ်တော်ကိုမုန်းသောသူတို့သည် ရှေ့တော်မှပြေးကြပါစေသောဟူ၍၄င်း၊သေတ္တာတော်မသွားဘဲရပ်နေသောအခါ၊ အိုထာဝရဘုရား ဣသရေလအမျိုးသားအထောင်အသောင်းရှိရာသို့ ပြန်လာတော်မူပါဟူ၍၄င်း လျှောက်ဆိုလေ၏။**



(movement of ark ) သေတ္တာတော်၏ လှုပ်ရှားမှုဖြစ်စဉ်တိုင်းအတွက် မောရှေဆုတောင်းလျှက်ရှိသည်ကို ဓမ္မမိတ်ဆွေ တို့တွေ့ရပေမည်။

**ငယ်၊၃၅ တွင် ဘုရားသခင်သည်ကျွန်ုပ်တို့နှင့်ထွက်ကြွခြင်းကိုဖေါ်ဆောင်လျှက်ရှိ**သလို၊

**ငယ်၊၃၆ တွင် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် အတူရှိနေခြင်းကို ရည်ညွှန်းလျှက်ရှိသည်။**

ထို့ကြောင့် ကျွန်ုပ်တို့ ဘဝအသက်တာတိုက်ပွဲအလီလီတွင် အောင်ပွဲ အကြိမ်ကြိမ်ခံနိုင်ရန် **ဘုရားသခင်၏ထွက်ကြွခြင်း၊ အောင်ပွဲခံ၊ အောင်လံစိုက်ထူခြင်းတည်းဟူသော (ယေဟောဝါနိဿိ)** ‘ထွ၊ ၁၇း၁၅၊၁၆ ကဲ့သို့ခိုလှုံကိုးစားရန် လိုအပ်သည်။

**ဆာ၊ ၆၀း၄- ကိုယ်တော်ကိုကြောက်ရွံ့သောသူတို့သည် သစ္စာတရားကြောင့်ထူရသောအလံကိုပေးသနားတော်မူပြီ၊** ဟူ၍ ၂ရာ၊ ၈ တွင် ဒါဝိဒ်မင်းကြီး၏အောင်မြင်မှုအထွတ်အထိပ်ရောက်ရှိချိန်တွင် ဒါဝိဒ်ကချီးမွမ်းခြင်းပြုခဲ့သည်ကို တွေ့ရသလို၊ **ဘုရားသခင်ကြောင့်သာလျှင် တည်ကြည်ခိုင်ခံ့မြဲမြံစွာ ရပ်တည်နိုင်ခွင့် (ယေဟောဝါရှမ္မ)** ယေဇ၊ ၄၈း၃၅- မည်သောဘုရားသခင်၏တတ်စွမ်းနိုင်မှုကိုလည်း ကျွန်ုပ်တို့အသက်တာမှာရယူပိုင်ဆိုင်ဖို့ရန်လိုအပ်သည်။ ဆာ၊၂၁း၈ ထာဝရဘုရားသည် ယခု မှစ၍ သင်၏ဝင်ခြင်း၊ ထွက်ခြင်းကိုစောင့်တော် မူလိမ့်မည်ဟူ၍၊ ဆာလံဆရာအသက်တာတွင် ဘုရားသခင်ပြုတော်မူသော ကျေးဇူးတော်မျိုးကိုလည်းကျွန်ုပ်တို့ရယူခံစားတတ်ဖို့ရန် အထူးလိုအပ်ပေသည်။



movement of ark , movement of us , movement of church.. 'Everkind of our movement, its really need to take the Leadership of God'

**ကျွန်ုပ်တို့၏လှုပ်ရှားမှုဖြစ်စဉ်တစ်ခုခြင်းစီအ တိုင်းအတွက် အဓိကလိုအပ်ချက်မှာ ဘုရားသခင်အတူပါရှိခြင်းပင်ဖြစ်ပေသည်။ ချစ်သော ညီအကိုမောင်နှမတို့ဘ၀ အသက်တာအောင်မြင်မှုသရဖူဆောင်းနိုင်ရန်အတွက်(က)ဘုရားသခင်ဦးဆောင်မှု၊ (ခ) ဘုရား သခင်၏ကွယ်ကာမှု၊ (ဂ)ဘုရားသခင်အတူပါရှိ ခြင်းအသက်တာကိုရယူလျှောက်လှမ်းကြရန်ဆန္ဒ ပြုလျှက်။**



# အယ်ဒီတာအာဘော်



ဤပြေီလစာစောင် ဖြစ်မြောက်အောင် အဘက်ဘက်မှ စာမူအားဖြင့် ပံ့ပိုးပေးကြသော စာမူရှင်များကို အထူးပင်ကျေးဇူးတင်လျှက်ရှိပါသည်။ ဤစာစောင်တွင် စာမူရှင်များ၏ အထူးထူးအပြားပြားသော ဘုရားသခင်ထံမှရရှိသည့် သွန်သင်ချက်များကို ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုအနေဖြင့် ပုံဆောင်ဖေါ်ပြထားလျှက်ရှိရာ စာဖတ်သူမေ့မိတ်ဆွေတို့၏ ဝိညာဉ်ရေးရာ အသက်တာအတွက် အလျှင်းအကျိုးမယုတ်စေသည်သာမက အသစ်သော သွန်သင်ဖွင့်ပြချက်များကို ထိမိစွာ ခံစားရရှိ၍အသက်တာအတွက် တည်ဆောက်စရာ အကြောင်းကို ဖြစ်စေမည်ဟု ယုံကြည်မြော်လင့်ပါသည်။ ဤစာစောင်ကိုဖတ်ရှုကြသော စာပေဝါသနာရှင်တိုင်း လာမည့် လများတွင် ထုတ်ဝေလတ့်သော သတင်းကောင်းစာစောင် ကဏ္ဍတွင် မိတ်ဆွေတို့နှစ်သက်ရာ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ ကာတွန်း၊ ပန်းချီရုပ်ပြ စသည့်အစီအစဉ်ကဏ္ဍအသီးသီး၌ ပါဝင်နိုင်ပါကြောင်း ထပ်လောင်း၍ ဖိတ်ခေါ်ကြိုဆို ပါသည်။ သတင်းကောင်းစာပေကဏ္ဍတွင် မိတ်ဆွေသည် စာပေသမိုင်းသစ်၊ စာမျက်နှာသစ်များကို ဖွင့်လှစ်၍ အသုံးတော်ခံခြင်းအားဖြင့် ဘုရားသခင်အမှုတော်မြတ်အတွက် မိတ်ဆွေတတ်စွမ်းသည့်ဘက်က ပါဝင်ဆက်ကပ်ခြင်းပင် ဖြစ်ကြောင်း သတိချပ်ပါ။ အမှုတော်မြတ်အတွက် ဆက်ကပ်ပါဝင်ရာတွင်မိတ်ဆွေ၏ယုံကြည်ခြင်းအသက်တာလျှောက်လှမ်းလာမှုအချိန်ကာလတိုတောင်းခြင်း၊ ရှည်လျားခြင်းက ပဓာနမကျပါ။ ‘အမှုတော်မြတ်အတွက် ဆက်ကပ်လိုသော စိတ်နှ‚လုံး၊ ပေးဆပ်လိုသော စိတ်နှလုံးကသာ ’ ပဓာနဖြစ်ပါသည်။

စာရှုသူအယောက်စီတိုင်း
ဘုရားသခင်ကောင်းကြီးပေးပါစေ
အယ်ဒီတာ